shinewunatun - pdf စာပေ

# ကာဖီ

(ကဗျာစုစည်းမှု)



ပီတာရော့

# ကာဖိ(ကဗျာစုစည်းမှု)

## ပီတာဂျော့

ထုတ်ဝေမှု မှတ်တမ်း


| | |
|---|---|
| စာအုပ်နာမည် | : ကာဖီ (ကဗျာစုစည်းမှု) |
| ကဗျာပုဒ်ရေ | : ပုဒ်(၃၀) |
| ပီဒီအက်ဖ် ထုတ်ဝေခြင်း | : ပထမ အကြိမ် |
| ထုတ်ဝေကာလ | : ၂၀၂၁ခုနှစ်၊ဒီဇင်ဘာ |
| အုပ်ရေ | : အကန့်အသတ်မရှိ |
| စုစည်းသူ | : shinewunatun |
| မျက်နှာဖုံး | :shinewunatun |
| စာအုပ်အပြင်အဆင် | :shinewunatun |

# မာတိကာ


- အမှာ
- ပြောနေတဲ့တိမ်
- နောက်ဆုံး
- ည
- လက်ဆေးကြစို့
- ငါလိုချင်တာ ငါးအကြီးကြီး
- ကာဖီ(Title)
- ကိုယ်မြင်းကိုယ့်ဆိုင်း စစ်ကိုင်းရောက်ရောက်
- ထွန်စက်ကြီးရေ........
- ခေတ်
- ထောင်ချောက်ထဲက မုဆိုး
- ဓာတ်ရှင်
- သူတော်စင်ကြီး
- ဘတ်သီး
- မအောင်မြင်ခြင်း
- မရောက်သေးသော မနေ့က
- ထမင်းဆိုင်

- ပြား
- ငါဘာကောင် ပါလိမ့်
- ကိုယ်နဲ့
- သုဘရာဇာ ကဗျာတစ်ပုဒ်
- နာရီ
- လမ်းပျောက်ခြင်း
- ဘာလိုသေးလဲ
- ရှာဖွေခြင်း
- မျှော်လင့်ချက်များ
- လူ့ဘဝ
- လေယာဉ်ပျံ
- မြို့ပြ
- ဓာတ်ပုံ
- ပြတင်းပေါက်

# ကာဖီ

အရင်က(ကျနော်ငယ်စဉ် အခါက)ကျနော် ကဗျာဆရာတွေကို အထင်သေးခဲ့တယ်။အလကားကောင်တွေပါ၊စိတ်ထားနုတဲ့ ကောင်တွေပါလို့ထင်ခဲ့တယ်။တချို့ဆို တနှာရှုးတွေလို့တောင် ကျနော်ပြောခဲ့ဖူးတယ်။အဲဒီတုန်းက ပတ်ဝန်းကျင်မှာ အပေါစား အချစ်ကဗျာတွေပဲ တွေ့နေရတာကိုး။ဆရာ ဇော်ဂျီ၊မင်းသုဝဏ်၊ တင်မိုးတို့ဟာလည်း ကိုယ်တို့မမှီခဲ့တဲ့ ခေတ်ဟောင်းကဆရာ တွေလို့ ထင်ခဲ့တယ်။

အဲဒီ အခါက ကျနော်တို့လူငယ်တွေလက်လှမ်းမှီတာတွေက အချစ်ကဗျာတွေကြည့်ကိုး။နောက်တော့ အောင်ချိမ့်၊မောင် ချောနွယ်၊ဇော်ဇော်အောင်၊အောင်ခင်မြင့် စတဲ့တို့ရဲ့ မော်ဒန် ကဗျာတွေ နောက် ကာရန်ပါ တဲ့နိုင်ငံရေး၊လူမှုရေးကဗျာတွေ လက်လှမ်းမှီလာတော့။ကဗျာဆရာဟာ သိပ်နုညံ့နေစရာမလို ကြောင်းသိလာတယ်။ကဗျာကို ချစ်လာတယ်။နောက်ကိုယ်တိုင် ကဗျာတွေရေးဖြစ်လာတယ်။ကဗျာဆရာဖြစ်ချင်လာတယ်။

  အခု ကျနော်ရဲ့ " ကာဖီ "ဆိုတဲကဗျာစုစည်းမှုဟာ ကျနော် ဘယ်လောက် တော်လဲဆိုတာ ထုတ်ကြွားတာမဟုတ်ပါဘူး။ကျနော် ဘယ်လောက်ညံ့သေးလဲဆိုတာကို ခင်ဗျားတို့ကိုဝေဖန်ကြည့်စေချင်တာပါ။

 ကဲ......ကျနော်ကတော့ချပြလိုက်ပြီ ၊ ခင်ဗျားတို့တာဝန်ဘဲကျန်တော့တယ်။ဝေဖန်ကြပေတော့...........။

ပီတာရျော့



ငါဘဝကို ကာဖီလုပ်ပြီး
ယဉ်ကျေးမှုကို ရေနွေးလိုလောင်းထည့်လိုက်တယ်။

ပြီးတော့
သမိုင်းသကြားတွေ ကြဲအောင်
နာကြည်းမှု ဇွန်းနဲ့ နာနာလေး ဖိမွှေလိုက်တယ်။

-ပီတာရှော့-

မြောနေတဲ့တိမ်

ငါ့တို့ဘဝဟာ..........

 ဦးတည်ချက်မဲ့ လွင့်မြောနေသော တိမ်များ။

ငါတို့ဘဝထဲမှာ........

ပညာများ၊ ဖတ်စာအုပ်များဟာ

ဒိုက်သရိုက်အဖြစ်ပြေးဝင်နေ။

ငါတို့ဘဝဟာ........

ရှေတ်ဆီများ၊လက်သီးစုပ်များ၊

ကြွေးကြော်သံများအပြည့်။

တကယ်တော့.........

ငါ့တို့ဟာ ဦးတည်ချက်မဲ့

မြောနေသာတိမ်များသာ။

ပီတာရျော့

နောက်ဆုံး

ပထမဆုံးဆိုတော့

သူ့ရှေ့မှာဘာမှ မရှိတော့ဘူးငါထင်ခဲ့တယ်။

နောက်ဆုံးဆိုတော့လည်း

သူ့နောက်မှာ ဘာမှမရှိဘူးလို့ပဲငါထင်ခဲ့တယ်။

တကယ်တော့ နောက်မှငါသိလိုက်ရတယ်။

ပထမရဲ့ရှေ့မှာ နောက်ဆုံးရှိနေပြီး၊

နောက်ဆုံးရဲ့နောက်မှာ ပထမဆုံးရှိနေတယ်တဲ့။

ရေခဲပုံးနောက်က စက်ဝိုင်းပုံလောကထဲမှာ

ငါချာချာလည်ခဲ့မှ သိခဲ့ရတယ်။

ပီတာရျော့

# ည

ညဟာစုန်းမီးတွေအပြည့်

ထောင်ချောက်တွေအပြည့်။

အလင်းဟာလည်း

မပီမသ ဝိုးတဝါး။

ငါတို့ အဲညအမှောင်ထဲမှာ

ကျောပေါက်ကြီးထဲကထွက်လာတဲ့

အလင်းရောင်အောက်မှာ

ငါတိုမြူးတူး ကစားခဲ့ကြရ။

ပီတာရျော့

လက်ဆေးကြစို့

လက်ဆေးပါ ။

ဒီလို ကိုဗစ်ရာသီမှာ

လက်ဆေးတာတော့ ကောင်းတာပေါ့။

မကောင်း တာကိုင်ပြီးတိုင်း

လက်ဆေးပါ။

မကောင်းတာ လုပ်ပြီးတိုင်း

လက်ဆေးပါ။

မကောင်းတာတွေကို

ကြေးညှော်တွေလို ပြောင်စင်နေအောင်

လက်ဆေးပါ။

လက်ဆေးတိုင်း ကြေးပြောင်ရင်တော့

ကောင်းတာပေါ့။

ပီတာရော့

ငါလိုချင်တာ ငါးအကြီးကြီး

တသွင်စီးနေတဲ့မြစ်ကို
ငါတားစီးဖို့ကြိုးစားခဲ့တယ်။

ငါးမိဖို့ပဲ ငါရဲ့အဖိုးတန်အရင်းမြစ်
ဒိန်ခဲကိုပဲ တဖွဲ့ချင်းတဖွဲ့ချင်း
ချကျွေးခဲ့ရတယ်။

ငါဖမ်းမိထားတဲ့ ငါးသေးသေးလေးကိုပဲ
ငါ အလွတ်မပေးပဲ
အမိအရ ဆုတ်ကိုင်ထားမိတယ်။

မြစ်ဟာ ရေစီးသန်လာပြီး

တာတမန်တွေ ကြိုးတော့မှ

ငါလိုချင်တဲ့ငါး ဒီမြစ်ထဲမှာရှိကြောင်း

ငါသိခဲ့ရတယ်။

ပီတာရျော့

ကာဗီ(Title)

ငါဘဝကို ကာဗီလုပ်ပြီး

ယဉ်ကျေးမှုကို ရေနွေးလိုလောင်းထည့်လိုက်တယ်။

ပြီးတော့

သမိုင်းသကြားတွေ ကြေအောင်

နာကြည်းမှု ဇွန်းနဲ့ နာနာလေး ဖိမွှေလိုက်တယ်။

ပီတာရျော့

ကိုယ်မြင်းကိုယ့်ဆိုင်း စစ်ကိုင်းရောက်ရောက်

ကိုယ်လှေကိုယ်ထိုး ပဲခူးရောက်ရောက်တဲ့။

ပဲခူးလည်းမရောက် လမ်းလည်းမပျောက်ပေမဲ့

ငါဒီမှာပဲ ရပ်တော့မယ်။

ကိုယ်မြင်းကိုယ့်ဆိုင်း စစ်ကိုင်းရောက်ရောက်။

စစ်ကိုင်းရောက်ရောက် မရောက်ရောက်။

ငါဒီမှာပဲနေတော့မယ်။

ကျနော်ဒီလိုတွေရေးပြတော့

ခင်ဗျားတို့ ကျနော့်ကို ဒီကောင်ဘာတွေပြောနေတာလဲပေါ့။

ကျနော်ပြောမယ်၊ကျနော်ကြိုက်လို့ဗျ။

ပီတာရျော့

ထွန်စက်ကြီးရေ........

ဒဏ်ရာအပြည့်နဲ့

အိပ့်ပ့်မောင်းနေတဲ့

အစမကောင်းတဲ့

လှည်းအိုကြီး။

ဇွန်ပန်းရုံအနီးတွင်

ကြွံပြန်ပြီလှည်းဘီး။

လှည်းဘီးကြွဲတိုင်း

တွန်းမဲ့သူများ

ဆွဲမဲ့ ထွန်စက်ကြီး

ကျနော်တို့ မျှော်နေပြန်ပြီ

ထွန်စက်ကြီးများ

မြန်မြန်လာပါ။

ပီတာရျော့

ခေတ်

ရင်မှာ ဘုရား၊

ကျောမှာ နဂါး။

ဆံပင်ရောင်စုံ

ဒီဇိုင်း တွေအစုံ။

ဖြူနီကြောင်ကြား

တယ်လည်း မျက်စိနောက်ပါလား။

ပီတာရျော့

ထောင်ချောက်ထဲက မုဆိုး

သမင်ဟာ မုဆိုးကို

ထောင်ချောက်ထောင်ပြီး ဖမ်းခဲ့တယ်။

ထမင်းဟာ လူကိုပြန်စားပြီး

တောတိုးသွားခဲ့ပြီ။

ကဗျာဆရာကိုကြည့်ပြီး

ကဗျာဟာ ကဗျာရေးနေတယ်။

ပီတာဂျော့

ဓာတ်ရှင်

ဒီဓာတ်ရှင်ကြီး စကတည်းက

အံ့ကျော်ကြီးပဲ တွေ့နေရတာ။

ကျော်ဟိန်းကြီး ဘယ်ရောက်နေလဲ။

ငါတို့တတွေ မျှော်နေတာကြာပြီ။

ခါတိုင်းဓာတ်ရှင်တွေမှာ အံ့ကျော်ကြီးသေနေကြပဲ။

အခုငါတို့ ကြည့်နေကတာက အံကျော်ကြီးပဲ။

ဦးအံကျော် ကျနော်ခင်ဗျားကို မသေစေချင်ပါဘူး။

ဒါပေမဲ့ခင်ဗျားသေရမယ်။

ဒါမှ ကျော်ဟိန်းကြီးကို ကျနော်တို့တတွေတွေ့ရမှာဗျ။

ပီတာရျော့

သူတော်စင်ကြီး

ငါသူ့ကို...............

လောကကြီးကို ကောင်းအောင်ဘယ်လို

လုပ်ရမလဲ မေးတော့။

သူဟာပြန်မဖြေဘဲ

တောတိုးသွားတယ်။

ဒုက္ခပေးချင်ရင်ရောလို့ အော်မေးတော့........

တောထဲက ပြေထွက်လာပြီး

ကျွန်ုပ်ရှေ့မှာပင် ဝတ်ဝင်သွားတယ်။

တကယ်တော့.........

သူတော်စင်ကြီးဟာ

ဝတ်ဝင်လိုက် တောတိုးလိုက်...........။

ပီတာရျော့

ဘတ်သီး

မီးကိုဖွင့်လိုက်တော့

ပလူကောင်တွေ တတ်လာတယ်။

မီးကိုပိတ်ပြီး

ကာဖီတခွက် ငါသောက်မယ်။

မီးပြန်ပွင့်ရင် ငါက,မယ်။

မီးပြန်မှိတ်ရင် ငါအိပ်မယ်။

ပီတာရျော့

မအောင်မြင်ခြင်း

ငါ့အရိုးနဲ့ ငါ့ကိုထိုးတာ

ငါ့ အရိုးမှာ ........

ငါနာမည် မခဲ့ပါ။

ပီတာရျော့

မရောက်သေးသော မနေ့က

ဒီနေ့..........

မရောက်သေးသော နေ့များဆီက
ရောက်ပြီးသော နေများဆီသို့ခရီးနှင်တိုင်း
သံလမ်းပေါ်တတ်ဖို့ ကြိုးစားနေတဲ့ ရထားလို
အချိန်တွေ ကြာညောင်းခဲ့ပြီ။

မရောက်သေးသော အချိန်တွေတွေက
မြို့ပတ်ရထားလိုပဲ.............
ရောက်ပြီးသား မနေ့ကအချိန်တွေကိုပဲ
ပြန်ပြန်ခေါ်သွားတယ်။

မရောက်သေးသော မနက်ဖြန်မှာ........

တိုကျိုက ကျည်ဆန်ရထားလို

ဘူတာ ဟောင်းတွေကို

နောက်မှာ အလျင်အမြန် ချန်ထားခဲ့ချင်ပြီ။

*မရောက်သေးသော အချိန်များအတွက်.........*

ပီတာရျော့

ထမင်းဆိုင်

ငါ့ထမင်းဆိုင်ထဲဝင်လိုက်တော့

ဆိုင်ရှင်ကပြောတယ်.......

ဟင်းချိုတစ်ခွက်မှာရုံနဲ့ ဟင်းအစုံရတယ်တဲ့။

ငါလည်းဟင်းချိုမှာလိုက်တယ်။

ဟင်းလာချတော့ ငါကြည့်လိုက်တယ်။

ဆီရွှဲရွှဲအသားဟင်းများကြားက.......

အေးနေတဲ့ မှန်ရောင်ဟင်းရေတစ်ခွက်။

ငါလည်း ကျန်တဲ့ဟင်းတွေမနှိုက်ပဲ

ဟင်းရေနဲ့ပဲ ဆမ်းပြီးစားဖို့ကြိုးစားရတော့တယ်။

ပီတာဂျော့

ပြား

ပြားဟာ...........

သူတို့ကို ငါဘာမှမလုပ်ဘဲ

ငါ့ကိုတုပ်ခဲ့တယ်။

ဒါကြောင့်.........

ပြားအုံကို မီးဖိုပြီးဖွတ်ခဲ့တာပေါ့။

ပီတာရျော့

ငါဘာကောင် ပါလိမ့်

အမှောင်ထဲက အမေဆွဲထုတ်လို့သာ

ထွက်ခဲ့ရတယ်

ငါဘာကောင် ပါလိမ့်။

ခေါင်းကမပီ၊ခန္ဓာမရှိ၊အမြီးတန်လန်း

ငါဘာကောင် ပါလိမ့်။

မှန်ကို အခါခါကြည့်ပြီး ငါမေးကြည့်မိတယ်

ငါဘာကောင်ပါလိမ့်။

ပီတာချော

ကိုယ်နှံ့

ကိုယ်စီးနေကျ ကားတိုင်းမှာ

ဘေးကခုံက ........

တစိမ်းမိန်းကလေး

တစ်ဦးပါနေကြ၊

သူရဲ့ကိုယ်နံ့ကို တိတ်လေးကိုယ်ခိုးရှူရှိုက်ရင်း

ကိုယ်ကြည်နူး နေခဲ့တယ်။

ပီတာရျော့

သုဘရာဇာ ကဗျာတစ်ပုဒ်

ငါတနေကုန် သူများအရပ်တွေကိုတိုင်းတယ်....

ကျန်းမာရေးဝန်ထမ်းတော့ မဟုတ်ဘူး။

ငါတနေကုန် သူများပုခုံးကိုတိုင်းရတယ်.........

အပ်ချုပ်ဆရာတော့ မဟုတ်ဘူး။

လူတိုင်းဟာ တနေ့တော့သေမှာပဲ......

ဒါပေမဲ့ ငါစပ်ရတဲ့အခေါင်းတွေက တိုနေတယ်။

ရောဂါဖြစ်ရင် သေမှာပဲ.......

ဒါပေမဲ့သူတို့မှာ ဇွဲပေါ်း ရောဂါကင်းကြပါတယ်။

ပီတာရျော့

# နာရီ

နာရီဟာ ဘယ်ချိန်ကြည့်ကြည့်

နာရီလက်တံဟာ

၆ နာရီက မပြောင်းဘူး။

ဘယ်တော့ကြည့်ကြည့်ပေါ့။

မနက်ပဲကြည့်ကြည့် ၊ ညပဲကြည့်ကြည့်။

ဒီနာရီကို ငါအမြဲကြည့်နေခဲ့တာ

ငါတောင် အတော်အိုမင်းလာပြီ။

နာရီမှာ ဓာတ်ခဲမရှိတာ

မဖြစ်ပါစေနဲ့လို့ ငါဆုတောင်းမိတယ်။

အကယ်၍သာ........

ဓာတ်ခဲသာ ရှိရိုးမှန်ခဲ့ရင်

အားပြည့်တဲ့တနေ့တော့................

၁၂ တကယ်ထိုးမှာပါ။

ပီတာရျော့

လမ်းပျောက်ခြင်း

လမ်းခင်းရင်း လမ်းပျောက်

ငါဘယ်ရောက် နေလည်း

ငါဘာလုပ်ရမလဲ။

တကယ့်တော့......

ဒီလမ်းကြီးပေါ်

ငါဘာရည်ရွယ်ချက်နဲ့

ရောက်နေလည်း ငါကိုယ်တိုင်မသိ။

ပီတာရျော့

ဘာလိုသေးလဲ

လူတစ်ယောက်ကို စွဲစွဲမြဲမြဲချစ်ခဲ့ဖူးတယ်။

ပြီးတော့........

လူတွေကို ခါးခါးသီးသီးမုန်းခဲ့ဖူးတယ်။

ကြီးကြီးတပ် ချမ်းသာဖူးတယ်။

ပတ်ပတ်စက်စက် မွဲဖူးတယ်။

လောကကြီးကို ငါကျရှုံးခဲ့တယ်။

ထို့အတူ ငါအောင်မြင်ခဲ့တယ်။

လှိုက်လှိုက်လဲလဲ အော်ရယ်ခဲ့ဖူးတယ်။

ရှုံးပွဲချ ငါငိုခဲ့ဖူးတယ်။

ဘာလိုသေးလဲ။

ပီတာရော့

ရှာဖွေခြင်း

အမှောင်ထဲမှာ..........

လိုဏ်ခေါင်းထဲမှာ...........

မျက်ကမ်းတစ်ယောက်လို

ငါဘဝကိုငါ လိုက်ရှာနေမိတယ်။

တယ်တော့ငါ့ဘဝဟာ ရေခဲပြင်အောက်မှာ

မိုက်ခရိုဝေ့ထဲမှာ အသက် ရှင်မှုတွေကြားထဲ

ငါ့ဘဝ ပျောက်ဆုံးသွားခဲ့။

ငါဘဝဟာ

အမှန်တကယ်တော့ ဖရန့်ကင်စတိန်းလို

ဘယ်သောအခါမှ

အနည်မထိုင်နိုင်လောက်အောင်

မကောင်းဆိုးဝါးတစ်ကောင်က

သူရဲ့လက်မဲကြီးနဲ့ မွှေနှောက်သွားခဲ့ပြီ။

ပီတာရျော့

မျှော်လင့်ချက်များ

ဖယောင်းတိုင် မီးသေသွားချိန်မှာ

ငါ့ကိုငါ ရေနံဆီလောင်းပြီး မီးရှို့ခဲ့ရတယ်။

ရေငတ်တာကို ဖြေဖျောက်ဖို့

ရေမရှိတဲ့ ရေအိုင်ကို

အငမ်းမရ ငါသွားခဲ့တယ်။

ပြီးတော့............။

ရှင်ကွဲ ကွဲခဲ့ရသော........

မိသားစုတွေ၊စုံတွဲတွေ။

ပလက်ဖောင်းပေါ်က

တီရှပ်အဖြူနဲ့လူတွေ။

ဆေးလိပ်မီးရဲရဲတွေ။

တကယ်တော့ မျှော်လင့်ချက် ဆိုတာ

မိုက်ခရိုဝေ့ ထဲက

မီးကျွမ်းကိတ်မုန့် အပိုင်းစလေးပါပဲ။

ပီတာရျော့

လူ့ဘဝ

ငါလူ့ဘဝရောက် ကတည်းက

မာန်နတ်များသာ လူးလာခေါက်တုံ့။

ပလ္လင်ပေါ်တတ်သမျှ သိဒ္ဓတ္ထဟာ

ဒေဝဒတ် အဖြစ်ပြောင်းသွား။

ကောသလမင်လည်း...........

အိမ်မက်အကြိမ်ကြိမ်မက်လို့ စိတ်ဆိုးလေရဲ့။

တကယ်တော့ လူ့ဘာဝဆိုတာ

မာန်နတ်တို့ကြီးဆိုးရာ နယ်မြေလား။

ပီတာရျော့

လေယာဉ်ပျံ

လေယာဉ်ပျံများဟာ

နံနက်ခင်း တေးသံသာကို ဟစ်ကြွေးလျက်

ငါတို့ မြို့လေးပေါ်ကို ရောက်လာတယ်။

ပြီးတော့........

မိုးပေါ်က အစီရီကျလာသော

သကြားလုံးနဲ့ ချိုချဉ်တွေ။

ဘီလုံးငှက်ရော၊

နွားခြေရာခွက်ရော

မရှိတဲ့နေရာမှာ......။

ငါတို့က.......

ဘီးလုံးငှက်အဖြစ်နေရာယူထားရ။

ပီတာရျော့

မြို့ပြ

မြို့ပြရဲ့ မီးမှိန်မှိန်အောက်မှာ.......

လိင်တံများဟာ ဟိုဝင်ဒီထွက်ပြေးလွှားလျက်။

မြို့ပြရဲ့ လမ်းမများပေါ်မှာ.........

လိင်တံများဟာ အရောင်တောက်ပလျက်။

ဒီလိင်တံလိင်တွေ အရောင်ဖျော့တော့တိုင်း

အားပြန်ဖြည့်ပေးနေတဲ့ လျှာများ။

မြို့ပြရဲ့ဘေး တောအုပ်ထဲက

လိုင်တံဖျက်ဆီးရေး နင်ဂျာများ။

တချို့ကတော့ ကိုယ်ကြိုးအတွက်

မာန်နတ်ရဲ့လိုင်တံကို အားရပါးရလျှပ်နေစဲ။

ပီတာဂျော့

ဓာတ်ပုံ

လွန်ခဲ့သော နှစ်များက

အရေးခင်း ဓာတ်ပုံတွေကို

ပိုတိုရှော့ လုပ်ပြီး

ရှုခင်းပုံပေါ် ပြောင်းခဲ့တယ်။

ဆိုင်းဘုတ်များ၊လက်သီးများဟာ

လွန်ခဲ့သောနှစ်များအတွင်း

ဆေးလိပ်သဖွယ် ပြာဖြစ်သွား။

အသံတွေ နားထဲကပျောက်ပြီး

သတင်းစာတွေ ဆွေးမြေ့လုနီးအချိန်မှာ.....

ပိုတိုရှော့ လုပ်ခဲ့သော ဓာတ်ပုံဟောင်းများ

ပြာဖြစ်သွားသော

လက်သီးများ၊ ဆိုင်းဘုတ်များဟာ

လူအုပ်ကြီး သဖွယ်ပြန်ပေါ်လာပြီ။

ပီတာရျော့

ပြတင်းပေါက်

ပြတင်းပေါက်ကို ငါဖွင့်လိုက်တော့
ငါ့ဆီကို အတင်းအဖျင်းတွေ ၊
ဝါဒမှိုင်းတွေ ဝင်လာတယ်။

ငါပြတင်းပေါက်ဖွင့်တိုင်း
မြင်နေကြလူအုပ်ကြီးနဲ့
ကျည်ဆန်များ။

ပြတင်းပေါက်ဖွင့်တိုင်း
မြင်နေရတဲ့မြင်ကွင်းတွေက၊
ပုံရိပ်ရောင်လား ၊ တကယ်လား။

ငါပြတင်းပေါက်ဖွင့်ထားတုန်း

မြင်လိုက်ရတဲ့ မြင်ကွင်းက

လမ်းပေါ်လူအုပ်ကြီးထဲမှာပဲ

အိုမင်းခဲ့ရသော သူများ။

ငါလမ်းပေါ်မှာ

လူအုပ်ကြီးနဲ့ အသက်ရှင်နေရတဲ့အချိန်များ

ရှည်ကြာစွာနဲ့ လှည့်ပတ်နေ။

တခါတခါ

အလွန်ရုပ်ဆိုးလွန်းသော

ဓာတ်ပုံကားတွေက

ပြခန်းနံရံမှာ ပြန်ရောက်တတ်စမြဲ။

ပီတာရျော့

ပြီးပါပြီ။

# ကာဖီ



ငါဘဝကို ကာဖီလုပ်ပြီး
ယဉ်ကျေးမှုကို ရေနွေးလိုလောင်းထည့်လိုက်တယ်။

ပြီးတော့
သမိုင်းသကြားတွေ ကြဲအောင်
နာကြည်းမှု ဇွန်းနဲ့ နာနာလေး မွှေလိုက်တယ်။

shinewunatun

ပီတာရှော့